# ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

# (၃၇) ရက်မြောက်နေ့ အစီအစဉ်

# [ ၃၁ - ၈ - ၂၀၁၂ ]

# ( သောကြာနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် (၃၇)ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း -

— ဦးတင်မောင်မြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **စက်ရုံနယ်နိမိတ်အတွင်းရှိ ကျေးရွာများမှ နေအိမ်၊ ခြံ၊ ဥယျာဉ်များကို အသုံးပြုခြင်းနှင့်ပတ်သက်၍ ဒေသခံများ မနစ်နာရအောင် မည်သို့စီမံဆောင်ရွက်ထားရှိသည်ကို သိရှိလိုပါကြောင်း၊ စက်ရုံမှထွက်ရှိလာသော အခိုးအငွေ့များနှင့် စွန့်ပစ်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနှင့် အနီးရှိ ဒေသခံပြည်သူများ ဘေးအန္တရာယ်ကျရောက်နိုင်မှု ရှိ/မရှိ၊ စက်ရုံတည်ဆောက်ပြီးစီးပါက နိုင်ငံတော်နှင့် ဒေသခံပြည်သူများ မည်သို့ အကျိုးကျေးဇူး ခံစားရမည်ကို သိရှိလိုပါကြောင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

( ခ ) ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

၇။ အမျိုးသားလွှတ်တော် သတ္တုနှင့်သယံဇာတရေးရာကော်မတီ၏ **သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းလွယ်ကူလျင်မြန်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ ပေါင်းစပ်လုပ်ကိုင်နိုင်ရန် သက်ဆိုင်သော ဝန်ကြီးဌာနပေါင်းစုံမှ တာဝန်ရှိသူများနှင့် သီးခြားပညာရှင်များပါဝင်သော ပြည်ထောင်စုအဆင့် ကော်မရှင်တစ်ရပ် ဖွဲ့စည်း၍ ဒေသခံပြည်သူများ အကျိုးရှိရေး နိုင်ငံတော်ဝင်ငွေ တိုးတက်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်သွားရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း နှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသအတွင်း ကမ်းဝေးငါးဖမ်းသင်္ဘောများအား ကမ်းနီး ငါးဖမ်းဧရိယာအတွင်းသို့ ဝင်ရောက် ငါးဖမ်းဆီးခြင်းများအား ကြီးကြပ် တားဆီးပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း။

၉။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၀။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၇)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၈) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။